Form (5-B)



THE REPUBLIC OF THE UNION OF MYANMAR

Ayeyawady Region Investment Committee

ENDORSEMENT

Endorsement No. AYY- 043/2020 Dated 31 January, 2020

This endorsement is issued by the Ayeyawady Region Investment Committee according to the section 25(d) of the Myanmar Investment Law-

(1) Name of Investor THITSAR ANANDA COMPANY LIMITED

(2) Citizenship MYANMAR

(3) Residence Address NO.216/222, #3(B), CORNER OF MAHABANDOOLA ROAD AND BO MYAT TUN STREET,BO MYAT TUN HOUSING,PAZUNTAUNG TOWNSHIP,YANGON

(4) Name and Address of Principle Organization -

(5) Place of Incorporation -

(6) Type of Business CONSTRUCTION OF HOTEL ,VILLAS AND RESORTS

(7) Place(s) of Investment Project KWIN NO. (1984 - PYIN),BU KWEL GYI PYIN KWIN,NO. (4) WARD,NGWE SAUNG SUB-TOWNSHIP, PATHEIN TOWNSHIP, PATHEIN DISTRICT, AYEYAWADY REGION

(8) Amount of Foreign Capital NIL

(9) Period for Foreign Capital to be brought in NIL

(10) Total Amount of Capital (Kyat) 5700.000 MILLION

(11) Construction Period 3 Years and 6 Months

(12) Validity of Endorsement 50 Years

(13) Form of Investment WHOLLY MYANMAR OWNED

(14) Name of Company Incorporated in THITSAR ANANDA COMPANY LIMITED

(Hla Moe Aung)

Chairman



ပုံစံ (၅-ခ)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရွှေဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ
အတည်ပြုမိန့်

အတည်ပြုမိန့်အမှတ် ဧရာ- ၀၄၃/၂၀၂၀ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ လ ၃၁ ရက်

ဧရာဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ-၂၅၊ (ဃ) အရ ဤအတည်ပြုမိန့်ကို ထုတ်ပေးလိုက်သည် -

(၁) ရင်းနှီးမြှုပ်နှံသူအမည် THITSAR ANANDA COMPANY LIMITED

(၂) နိုင်ငံသား မြန်မာ

(၃) နေရပ်လိပ်စာ အမှတ်-၂၁၆/၂၂၂၃လွှာဘီ၊မဟာဗန္ဓုလလမ်းနှင့်ဗိုလ်မြတ်ထွန်းလမ်းထောင့်၊ ဗိုလ်မြတ်ထွန်းအိမ်ရာ၊ပုဇွန်တောင်မြို့နယ်၊ရန်ကုန်မြို့

(၄) ပင်မအဖွဲ့အစည်းအမည်နှင့် လိပ်စာ -

(၅) ဖွဲ့စည်းရာအရပ် -

(၆) ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းအမျိုးအစား ဟိုတယ်ဗီလာများနှင့်အပန်းဖြေစခန်းများ တည်ဆောက်ခြင်း လုပ်ငန်း

(၇) ရင်းနှီးမြှုပ်နှံသည့်အရပ်ဒေသ(များ) ကွင်းအမှတ်(၁၉၈၄-ပြင်)၊ဘူးကွဲကြီးပြင်ကွင်း၊ အမှတ်(၄)ရပ်ကွက်၊ငွေဆောင်မြို့နယ်ခွဲ၊ပုသိမ်မြို့နယ်၊ပုသိမ်ခရိုင်၊ဧရာဝတီတိုင်းဒေသကြီး

(၈) နိုင်ငံခြားမတည်ငွေရင်း ပမာဏ မရှိ

(၉) နိုင်ငံခြားမတည်ငွေရင်းယူဆောင်လာရမည့်ကာလ မရှိ

(၁၀) စုစုပေါင်းမတည်ငွေရင်းပမာဏ(ကျပ်) ၅၇၀၀.၀၀၀ သန်း

(၁၁) တည်ဆောက်မှု/ ပြင်ဆင်မှုကာလ ၃ နှစ် ၆ လ

(၁၂) အတည်ပြုမိန့်သက်တမ်း ၅၀ နှစ်

(၁၃) ရင်းနှီးမြှုပ်နှံမှုပုံစံ ရာခိုင်နှုန်းပြည့်မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု

(၁၄) မြန်မာနိုင်ငံတွင် ဖွဲ့စည်းမည့် ကုမ္ပဏီအမည် သစ္စာအနန္တ ကုမ္ပဏီလီမိတက်

(လှမိုးအောင်)

ဥက္ကဋ္ဌ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရောဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ

OSS စုပေါင်းရုံး၊ မြက်တို၊ ပုသိမ်မြို့

စာအမှတ်၊ ရေက/အ-၀၄၇/ဟိုတယ်/ ၂၀၂၀ (၈၃၁-က)

ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ လ ၃၁ ရက်

အကြောင်းအရာ။ **Thitsar Ananda Co., Ltd. (သစ္စာအနန္တ ကုမ္ပဏီလီမိတက်)မှ ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် ဟိုတယ်၊ဗီလာများ နှင့်အပန်းဖြေစခန်းများ တည်ဆောက်ခြင်းလုပ်ငန်း အတည်ပြုမိန့်အပေါ် ရောဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ ဆုံးဖြတ်ချက်**

ရည် ညွှန်း ချက်။ Thitsar Ananda Co., Ltd. (သစ္စာအနန္တ ကုမ္ပဏီလီမိတက်) ၏ ၁၀-၁-၂၀၂၀ ရက်စွဲပါတင်ပြစာ

၁။ Thitsar Ananda Co., Ltd. (သစ္စာအနန္တ ကုမ္ပဏီလီမိတက်) မှ ကွင်းအမှတ်(၁၉၈၄-ပြင်)၊ ဘူးကွဲကြီးပြင်ကွင်း၊အမှတ် (၄) ရပ်ကွက်၊ငွေဆောင်မြို့နယ်ခွဲ၊ပုသိမ်မြို့နယ်၊ ပုသိမ်ခရိုင်၊ရောဝတီတိုင်းဒေသကြီး ရှိမြေ (၁၂.၁၄) ဧက တွင် ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် ဟိုတယ်၊ ဗီလာများ နှင့်အပန်းဖြေစခန်းများ တည်ဆောက်ခြင်းလုပ်ငန်းအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ နှင့် အညီ ဆောင်ရွက်ခွင့်ပြုပါရန် အတည်ပြုလွှာတင်ပြခြင်းအား ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ လ ၃၁ ရက် နေ့တွင် ကျင်းပပြုလုပ်သော ရောဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၁/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ရာ ခွင့်ပြုကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါ ဆုံးဖြတ်ချက်အရ ရောဝတီတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ နည်းဥပဒေများကို ကျင့်သုံးလျက် Thitsar Ananda Co., Ltd. (သစ္စာအနန္တ ကုမ္ပဏီလီမိတက်) အား ဟိုတယ်၊ ဗီလာများ နှင့်အပန်းဖြေစခန်းများ တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်နိုင်ရန် အတွက် အတည်ပြုမိန့်အမှတ်၊ ရေဝ-၀၄၃/၂၀၂၀ ကို ထုတ်ပေးလိုက်သည်။

၂။ Thitsar Ananda Co., Ltd. (သစ္စာအနန္တ ကုမ္ပဏီလီမိတက်) အနေဖြင့် ဤအတည်ပြုမိန့် အရ လုပ်ငန်းဆောင်ရွက်ရာတွင် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(က) Thitsar Ananda Co., Ltd. (သစ္စာအနန္တကုမ္ပဏီလီမိတက်) အနေဖြင့် ဤအတည်ပြုမိန့် အရ ဟိုတယ်၊ ဗီလာများ နှင့် အပန်းဖြေစခန်းများ တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၇၅၊ ၇၇၊ ၇၈ အရ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ပြဋ္ဌာန်းထားသည့်အချက်များနှင့်အညီ ခံစားခွင့်ပြုနိုင်ရန် လျှောက်ထားနိုင်သည်။

(ခ) Thitsar Ananda Co., Ltd. (သစ္စာအနန္တကုမ္ပဏီလီမိတက်) သည် ဤအတည်ပြုမိန့်အရ လုပ်ငန်း ဆောင်ရွက်ရာတွင် မူလ အတည်ပြု လျှောက်ထားလွှာ၌ ဖော်ပြထားသည့် **ဝန်ဆောင်မှု ရည်မှန်းချက်များကို အနိမ့်ဆုံး ရည်မှန်းချက်များ** အဖြစ်ထားရှိ ဆောင်ရွက် အကောင်အထည် ဖော်ရမည်။

(ဂ) Thitsar Ananda Co., Ltd. (သစ္စာအနန္တကုမ္ပဏီလီမိတက်) အနေဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၆၅ နှင့် နည်းဥပဒေ အခန်း(၂၀) တို့တွင် ပြဋ္ဌာန်းထားသည့် ရင်းနှီးမြှုပ်နှံသူ၏ တာဝန်ဝတ္တရားများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ဃ) Thitsar Ananda Co., Ltd. (သစ္စာအနန္တကုမ္ပဏီလီမိတက်) အနေဖြင့် ရင်းနှီးမြှုပ်နှံမှု ပုံစံကို ပြောင်းလဲခြင်းကြောင့် ခွင့်ပြုမိန့် ရယူရန်လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတ်မှတ်ချက်များနှင့် အကျုံးဝင်သွားပါက ယင်းပြောင်းလဲမှု မဆောင်ရွက်မီ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနည်းဥပဒေ ၉ အရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ အဆိုပြုချက် တင်ပြရမည်။

(င) Thitsar Ananda Co., Ltd. (သစ္စာအနန္တကုမ္ပဏီလီမိတက်) သည် အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာတွင် ပြဋ္ဌာန်းထုတ်ပြန်ထားပြီးဖြစ်သော ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များတွင် ဖော်ပြပါရှိသည့် လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များ နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(စ) Thitsar Ananda Co., Ltd. (သစ္စာအနန္တကုမ္ပဏီလီမိတက်) သည် ရင်းနှီးမြှုပ်နှံမှုအား လုပ်ငန်းသက်တမ်း ကာလအတွင်း အခြားပုဂ္ဂိုလ် တစ်ဦးဦးသို့ တစ်ဆင့်ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ အစုရှယ်ယာ လွှဲပြောင်းခြင်းနှင့် လုပ်ငန်းလွှဲပြောင်းခြင်းတို့ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၇၂ နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၁၉၁ အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ တင်ပြရမည်။

(ဆ) Thitsar Ananda Co., Ltd. (သစ္စာအနန္တကုမ္ပဏီလီမိတက်) သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၁၉၆ အရ အတည်ပြုမိန့် သို့မဟုတ် သက်သာခွင့် ရရှိထားသော ရင်းနှီးမြှုပ်နှံသူသည် နှစ်စဉ် ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးနောက် သုံးလအတွင်း သတ်မှတ်ချက်ပါ အသေးစိတ်များပါရှိသည့် နှစ်စဉ် အစီရင်ခံစာအား သတ်မှတ်ပုံစံဖြင့် ကုမ္ပဏီ၏ ဝက်(ဘ်)ဆိုဒ် (သို့မဟုတ်) ကော်မရှင် ရုံး၏ ဝက်(ဘ်)ဆိုဒ်သို့ တင်ပြရမည်။

(ဇ) Thitsar Ananda Co., Ltd. (သစ္စာအနန္တကုမ္ပဏီလီမိတက်) သည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ ၁၉၇ အရ လုပ်ငန်း ဆောင်ရွက်နေစဉ် အတွင်း လုပ်ငန်း

အစီရင်ခံစာကို သုံးလလျှင် တစ်ကြိမ် ကော်မရှင်က သတ်မှတ် တောင်းခံသည့် ပုံစံဖြင့် တင်ပြရမည်။

၃။ Thitsar Ananda Co., Ltd. (သစ္စာအနန္တကုမ္ပဏီလီမိတက်) သည် အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာတွင် လုပ်ငန်း သဘာဝအရဖြစ်စေ၊ အခြား လိုအပ်ချက်အရဖြစ်စေ သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနနှင့် အဖွဲ့အစည်းများမှ လိုင်စင် သို့မဟုတ် ခွင့်ပြုမိန့် ရယူရန် လိုအပ်လျှင်ဖြစ်စေ၊ သက်ဆိုင်ရာဌာနနှင့် မြေငှားရမ်းခြင်း စာချုပ်ချုပ်ဆိုသည်ဖြစ်စေ၊ မှတ်ပုံတင်ရန် လိုအပ်လျှင်ဖြစ်စေ သက်ဆိုင်ရာ ဌာန၏ သတ်မှတ်ချက်များ နှင့်အညီ ဆောင်ရွက်ပြီး မိတ္တူ(၅) စုံစီအား ကော်မရှင်သို့ ပေးပို့ရမည်။

(လှမိုးအောင်)
ဥက္ကဋ္ဌ
ရောဝတီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ

Thitsar Ananda Co., Ltd. (သစ္စာအနန္တကုမ္ပဏီလီမိတက်)
ဖြန့်ဝေခြင်း
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထဲရေးဝန်ကြီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန
ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး
ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန်ဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန